# COVID-19 ကပ်ရောဂါကာကွယ်ထိန်းချုပ်ဖို့ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မဖြစ်မနေ စနစ်တကျတပ်ဆင်ကြပါစို့

(၁၄-၁၁-၂၀၂၀)

COVID-19 ရောဂါသည် အသက်ရှုလမ်းကြောင်းမှတစ်ဆင့် ကူးစက်သောရောဂါဖြစ်သည့်အပြင် မည်သူ့ထံတွင် ရောဂါရှိသည်ကို အလွယ်တကူမသိရှိနိုင်သောကြောင့် မိမိကိုယ်တိုင်နှင့် အခြားသူများ ရောဂါမကူးစက်ရေးအတွက် နေအိမ်မှအပြင်သို့ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပျက်မကွက် စနစ်တကျတပ်ဆင်ကြရန် အထူးအရေးကြီးပါသည်။

လူအများအပြားနှင့် နီးကပ်စွာပြောဆိုလုပ်ကိုင်ကြရသူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) နှင့်အတူ မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်အသုံးပြုပါက ရောဂါကူးစက်မှုကို ပိုမို ကာကွယ်နိုင်ပါသည်။

ပြည်သူများ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်သုံးစွဲသည့် အလေ့အကျင့်ဖြစ်လာစေရန် ရည်ရွယ်ကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ပါးစပ်နှင့် နှာခေါင်းစည်း တစ်ခုကို ချုပ်လုပ်ပြခဲ့သည့် အပြင် အိမ်တွင်းဖြစ် ပိတ်စပါးစပ်နှင့် နှာခေါင်းစည်း (Mask) ပြိုင်ပွဲ တစ်ခုကို (၂၀၂၀) ပြည့်နှစ်၊ မေလအတွင်း၌ ပြုလုပ်ပေးခဲ့ပါသည်။

ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ်ဘဝတွင် ပုံမှန်တပ်ဆင်ကြမှသာလျှင် ရောဂါကူးစက် ပြန့်ပွားမှုကို ဆက်လက် ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်သဖြင့် လူအများစုဝေးနေထိုင် ပြောဆိုလုပ်ကိုင်ရာနေရာတိုင်းတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မဖြစ်မနေတပ်ဆင်ရေး စီမံချက်ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင် သွားမည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) များနှင့် မျက်နှာအကာ (Face Shield) များကို ထောက်ပံ့ပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) မဖြစ်မနေတပ်ဆင်ရေး စီမံချက်တွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဦးဆောင်ကာ ပြည်သူများ၊ စေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအနေဖြင့် တတ်နိုင်သမျှ ဝိုင်းဝန်း ကူညီပံ့ပိုးပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**